# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး

## ပဉ္စမနေ့ အစီအစဉ်

## [ ၃-၈-၂၀၁၈ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **ကမ်းဖော်ဆီသည် ပြည်သူအများ ယုံကြည်သလို ကျန်းမာရေးအတွက် အမှန်ကောင်းမွန်စေနိုင်ခြင်း ရှိ၊ မရှိနှင့် အမှန်အကျိုးပြုလျှင် လူသားများ ခံစားနေရသည့် ရောဂါဆိုးများအား ကာကွယ်ကုသရေးတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာနိုင်ရေး၊ နိုင်ငံခြားငွေတိုးချဲ့ရှာဖွေနိုင်ရေး၊ ပြည်သူများ ဝင်ငွေတိုးတက်လာရေး၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ရေး၊ လူသားအကျိုးပြု ဆေးဘက်ဝင်အပင် တိုးချဲ့စိုက်ပျိုးနိုင်ရေး သုတေသနပြုဆောင်ရွက်ထားခြင်း ရှိ၊ မရှိကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်ဆွေဝင်း၊ ကော့မှူး မဲဆန္ဒနယ်၏ **ကော့မှူးမြို့နယ်ရှိ လူကြီးလူငယ်များ အားကစားနှင့် ကျန်းမာရေးလေ့ကျင့်မှုအတွက် အားကစားကွင်းအား အဆင့်မြှင့်တင်၍ သန့်ရှင်းသော အားကစားလေ့ကျင့်ရာနေရာတစ်ခု ဖြစ်ပေါ်လာစေရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခွန်မောင်သောင်း၊ ပင်လောင်း မဲဆန္ဒနယ်၏ **ပင်လောင်းမြို့နယ်၊ တီကျစ်တိုက်နယ်ဆေးရုံအား လက်ရှိအဆောက်အဦနှင့် လူနာမမျှတ၍ လူနာဆောင်အဆောက်အဦတစ်ခု ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်နန်းမိုး၊ မန်တုံ မဲဆန္ဒနယ်၏ **မန်တုံမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ၏ ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်စာရင်းတွင် အမှန်တကယ်အသုံးပြုခြင်းမရှိဟု ကြားသိရသော ငွေစာရင်းခေါင်းစဉ်သေး(မူလခေါင်းစဉ်သေးကလေး)အား ပြန်လည်စိစစ်ရန် အစီအစဉ် ရှိ၊ မရှိ နှင့် အကယ်၍ အမှန်တကယ်အသုံးမပြုဘဲ နိုင်ငံတော်ဘဏ္ဍာမှ စာရင်းတင်တောင်းထားကြောင်း ပေါ်ပေါက်ပါက အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **လှိုင်လင်မြို့နယ်၊ တန့်အယ်ကျေးရွာအုပ်စု၊ ကုန်းကျောင်းရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံ ခုတင် (၅၀) ဆံ့အား ခုတင် (၁၀၀) ဆံ့ ဆေးရုံအဖြစ် တိုးချဲ့မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်က တင်သွင်းသည့် **"စိုက်ပျိုးရေး စက်ကိရိယာများ အပြည့်အဝ မတင်သွင်းမသုံးစွဲနိုင်ခင်မှာ ရာသီအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်စေရန် လယ်ယာတွင် အသုံးပြုနေသော ခိုင်းကျွဲ၊ နွားများအား ပြင်ပသို့ တင်ပို့ရောင်းချနေခြင်းအား ကန့်သတ်တားမြစ် ပေးပါရန်နှင့် မှန်ကန်စွာ ကူညီထောက်ပံ့ဖြေရှင်းပေးပါရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၊

(ခ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၊

(ဂ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၊

(ဃ) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(င) ဦးဇာနည်မင်း၊ ရွှေကူ မဲဆန္ဒနယ်၊

(စ) ဦးတိုးသောင်၊ မိုးမိတ် မဲဆန္ဒနယ်၊

(ဆ) ဦးသာအောင်၊ မြို့သစ် မဲဆန္ဒနယ်၊

(ဇ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၊

(ဈ) ဗိုလ်မှူးခွဲနေဇော်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ည) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၊

(ဋ) ဦးမြင့်ဝေ၊ ဂွ မဲဆန္ဒနယ်၊

(ဌ) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၊

(ဍ) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၊

(ဎ) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၊

(ဏ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၊

(တ) ဦးကျော်မြင့်၊ တိုက်ကြီး မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။